**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

# ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

# သတင်းလွှာ(၁၃/၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁၁/၂၀၂၃)ပါ သတ်မှတ်ချက်အချို့အား ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ထားသော ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁၁/၂၀၂၃) အပိုဒ် ၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)တို့ပါ ပို့ကုန်ရငွေဝင်ရောက်ရမည့်ကာလသည် အလုပ်လုပ်ရက် (Working Day) (၇) ရက် ဆိုသည့်သတ်မှတ်ချက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

"(၂) ပို့ကုန်ကြေညာလွှာရရှိပြီးနောက်(၁၅)ရက်အတွင်း ပို့ကုန်ရငွေအား ကုမ္ပဏီ၏ ငွေစာရင်းသို့ဝင်ရောက်စေရန် ဆောင်ရွက်ရမည်။"

၂။ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁၁/၂၀၂၃) အပိုဒ် ၃၊ အပိုဒ်ခွဲ(င)ပါ အာမခံကြေးပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဘတ်နှင့် ကျပ် စသည့် ငွေကြေးအမျိုးအစားများကို အသုံးပြုနိုင်ကြောင်း သတ်မှတ်ချက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

"(င) ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်အတွက် အာမခံကြေး (Deposit) ပေးသွင်းရာတွင် မြန်မာကျပ်ငွေကြေးဖြင့် သက်ဆိုင်ရာနယ်စပ်ဒေသဈေးကွက် ပေါက်ဈေးအတိုင်း ပေးသွင်းနိုင်သည်။"

**ကုန်သွယ်ရေးဦးစီးဌာန**